ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

အမိန့်ကြော်ငြာစာအမှတ်၊ ၂၆၄ / ၂၀၁၉
၁၃၈၁ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၉ ရက်
(၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ ပုဒ်မ ၄၂၊ ပုဒ်မခွဲ (ခ) တွင် အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ အောက်ပါလုပ်ထုံးလုပ်နည်းကို ထုတ်ပြန်လိုက်သည်။

၁။ ဤလုပ်ထုံးလုပ်နည်းကို ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းကို ပြင်ဆင်သည့် လုပ်ထုံးလုပ်နည်းဟု ခေါ်တွင်စေရမည်။

၂။ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်း၊ နောက်ဆက်တွဲ(က) ပါ ကနဦး ပတ်ဝန်းကျင်ဆန်းစစ်ခြင်း (Initial Environmental Examination-IEE) သို့မဟုတ် ပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်ခြင်း (Environmental Impact Assessment-EIA) ဆောင်ရွက်ရန်လိုအပ်သည့် စီမံကိန်းအမျိုးအစားနှင့် အရွယ်အစားသတ်မှတ်ချက်များပါ **"သတ္တုတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်း"** ခေါင်းစဉ်၏နောက်တွင် **"အဆောက်အအုံ တည်ဆောက်ခြင်းဆိုင်ရာလုပ်ငန်းများနှင့် ဆက်သွယ်ရေး ကွန်ယက် ဖွံ့ဖြိုးရေးလုပ်ငန်းများ"** ခေါင်းစဉ်ဖြင့် အမှတ်စဉ် ၁၄၁ ၏နောက်၌ နောက်ဆက်တွဲပါ လုပ်ငန်းများကို အမှတ်စဉ် ၁၄၂ မှ ၁၅၇ အဖြစ် ဖြည့်စွက်လိုက်သည်။

(ပုံ) အုန်းဝင်း
ပြည်ထောင်စုဝန်ကြီး
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

စာအမှတ်၊ သစ်တော(၃)(၂)/၁၆(ဃ)( ၅၆၂၂ /၂၀၁၉ )
ရက်စွဲ ၊ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်

**ဖြန့်ဝေခြင်း**

နိုင်ငံတော်သမ္မတရုံး
သမ္မတဦးစီးရုံး
ဒုတိယသမ္မတ(၁) ဦးစီးရုံး
ဒုတိယသမ္မတ(၂) ဦးစီးရုံး

ပြည်ထောင်စုလွှတ်တော်ရုံး
ပြည်သူ့လွှတ်တော်ရုံး
အမျိုးသားလွှတ်တော်ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
ပြည်ထောင်စုဝန်ကြီးဌာနများအားလုံး
(..............................................................ဝန်ကြီးဌာန)
ပြည်ထောင်စုရှေ့နေချုပ်ရုံး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး
နေပြည်တော်ကောင်စီရုံး
တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့ရုံးများအားလုံး
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး
မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး
သက်ဆိုင်ရာပုဂ္ဂိုလ်များ

ညွှန်ကြားရေးမှူးချုပ်
ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန
} မြန်မာနိုင်ငံပြန်တမ်းအပိုင်း(၁)တွင် ထည့်သွင်းကြေညာပေးပါရန်။

ဤဝန်ကြီးဌာနအောက်ရှိ လုပ်ငန်း/ ဦးစီးဌာနများအားလုံး
(..............................................................)
အမိန့်ကြော်ငြာစာတွဲ

အမိန့်အရ

ခင်မောင်ရီ
အမြဲတမ်းအတွင်းဝန်
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

နောက်ဆက်တွဲ

| စဉ် | ရင်းနှီးမြှုပ်နှံမှုစီမံကိန်းအမျိုးအစား | ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း ပြုလုပ်ရန်လိုအပ်သည့် အရွယ်အစား | ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း ပြုလုပ်ရန်လိုအပ်သည့်အရွယ်အစား |
|---|---|---|---|
| အဆောက်အအုံ တည်ဆောက်ခြင်းဆိုင်ရာလုပ်ငန်းများနှင့် ဆက်သွယ်ရေးကွန်ယက် ဖွံ့ဖြိုးရေးလုပ်ငန်းများ | | | |
| ၁၄၂ | လူနေအိမ်ယာ ဖွံ့ဖြိုးရေး၊ ပြန်လည်နေရာချထားရေးဆိုင်ရာ မြို့ပြဖွံ့ဖြိုးရေးနှင့် မြို့သစ်တည်ဆောက်ရေးစီမံကိန်းလုပ်ငန်း | ဟက်တာ ၅၀ (၁၂၃.၅ ဧက) နှင့် အထက် ဟက်တာ ၁၀၀ (၂၄၇ ဧက) အောက် | ဟက်တာ ၁၀၀ (၂၄၇ ဧက)နှင့် အထက် |
| ၁၄၃ | အိပ်ဆောင်များ၊ ကွန်ဒိုမီနီယံအဆောက်အဦတည်ဆောက်ခြင်း လုပ်ငန်း | - | အမြင့် ၂၈ မီတာ၊ ကြမ်းခင်းဧရိယာ စတုရန်းမီတာ ၁၀၀၀၀ နှင့်အထက် ရှိသောအဆောက်အဦ |
| ၁၄၄ | ဘက်စုံအားကစားကွင်း တည်ဆောက်ခြင်းလုပ်ငန်း | - | အရွယ်အစားအားလုံး |
| ၁၄၅ | အထူးစီးပွားရေးဇုန် တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးရေးစီမံကိန်း လုပ်ငန်း | - | အရွယ်အစားအားလုံး |
| ၁၄၆ | ကုန်တိုက်ကြီးများ၊ ကုန်သွယ်ရေးဌာန၊ အဆင့်မြင့်ဈေးများ တည်ဆောက်ခြင်းလုပ်ငန်း | - | စတုရန်းမီတာ ၃၀၀၀ နှင့်အထက် |
| ၁၄၇ | မြေအောက်ထပ် တည်ဆောက်ခြင်းလုပ်ငန်း | - | မြေအောက်အနက် ၁၂ မီတာနှင့်အထက် |
| ၁၄၈ | အခြားဝန်ဆောင်မှုလုပ်ငန်း (အခြေခံအဆောက်အဦလုပ်ငန်း) | - | စွန့်ပစ်ရေ ထုတ်လွှတ်ထွက်ရှိမှု ကုဗမီတာ ၁၀၀ နှင့်အထက် |
| ၁၄၉ | အဝေးပြေးကားဂိတ်ကြီးများ တည်ဆောက်ခြင်းလုပ်ငန်း | - | ၄ ဟက်တာ (၉.၈၈) ဧကနှင့်အထက် |
| ၁၅၀ | စားသောက်ဆိုင်လုပ်ငန်း | - | ထိုင်ခုံ ၅၀၀ နှင့်အထက် |
| ၁၅၁ | ရေကန်များ၊ မြစ်များ၊ ပင်လယ်ကမ်းရိုးတန်း ကမ်းခြေများ၊ အမျိုးသားဥယျာဉ်၊ သမိုင်းဆိုင်ရာဥယျာဉ်၊ ယဉ်ကျေးမှု အမွေအနှစ်ဒေသ၊ ရေးဟောင်းနေရာ အနီး(သို့မဟုတ်) အတွင်းတွင် ပတ်ဝန်းကျင်အရည်အသွေးကို ကြီးမားသော ထိခိုက်မှုဖြစ်စေနိုင်သော အဆောက်အဦ တည်ဆောက်ခြင်းလုပ်ငန်း | - | အမြင့် (၁၀) မီတာ၊ ကြမ်းခင်းဧရိယာ စတုရန်းမီတာ ၂၀၀၀ နှင့်အထက် ရှိသောအဆောက်အဦ |

နောက်ဆက်တွဲ

| | | | |
|---|---|---|---|
| ၁၅၂ | မြစ်၊ ကမ်းခြေနေရာအနီး အပန်းဖြေစခန်း တည်ဆောက်ခြင်းလုပ်ငန်း | - | အခန်း ၈၀ နှင့်အထက် |
| ၁၅၃ | တောင်ပေါ်အပန်းဖြေစခန်း တည်ဆောက်ခြင်းလုပ်ငန်း | - | အခန်း ၈၀ နှင့်အထက်၊ အသုံးပြုရေိယာ စတုရန်းမီတာ ၄၀၀၀ နှင့်အထက် |
| ၁၅၄ | အမျိုးသား (သို့မဟုတ်) ဒေသဆိုင်ရာ ကာကွယ်ထားသည့် နယ်မြေအတွင်း ခရီးသွားလုပ်ငန်းနှင့် အပန်းဖြေလုပ်ငန်း ဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်း | - | ဟက်တာ ၅၀ (၁၂၃.၅ ဧက) နှင့်အထက် |
| ၁၅၅ | အမျိုးသား အဏ္ဏဝါဥယျာဉ်အဖြစ် သတ်မှတ်ထားသော ရေပတ်လည်ဝန်းရံနေသည့် ကျွန်းပေါ်တွင် ခရီးသွားနှင့် အပန်းဖြေရေးလုပ်ငန်းများ ဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်း | - | အရွယ်အစားအားလုံး |
| ၁၅၆ | ထပ်ဆင့်အသံလွှင့်ရုံ၊ ဆက်သွယ်ရေးလုပ်ငန်းလွှင့် စက်ရုံများ တည်ဆောက်ခြင်းလုပ်ငန်း | (၁ - ၃) ကီလိုဝပ်အတွင်း | (၃) ကီလိုဝပ်အထက် |
| ၁၅၇ | ဆက်သွယ်ရေးကွန်ယက် တည်ထောင်ခြင်းလုပ်ငန်း (အဝေးဆက်သွယ်ရေး၊ ရေအောက်ကေဘယ်လ် သွယ်တန်းခြင်း၊ ရေဒီယိုနှင့်ရုပ်မြင်သံကြားထုတ်လွှင့်ခြင်းဆိုင်ရာပစ္စည်းကိရိယာများ တပ်ဆင်ခြင်းအပါအဝင် ဆက်သွယ်ရေးလိုင်းနှင့် တပ်ဆင်ခြင်းနှင့် ကြိုးမဲ့ဆက်သွယ်ရေး အခြေခံအဆောက်အအုံများ တည်ဆောက်ခြင်း) | (၁၀၀ - ၄၅၀) ကီလိုမီတာအကြား | (၄၅၀) ကီလိုမီတာအထက် |